# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 28 , 2025 — Volume 87, Number 19


| ၂၈.၂.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၄.၂၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၆.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၅.၄၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၄၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကျောက်ဆည်မြို့နယ်၌ ပဲတောင့်ရှည် (ခေါ်) တစ်လပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ




မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဆီထွက်သီးနှံများနှင့် စားဖိုဆောင်သီးနှံများ အပါ အဝင် သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ပဲတောင့်ရှည် (ခေါ်) တစ်လပဲ သီးနှံကို စိုက်ပျိုးကြကြောင်း သိရသည်။

ပဲတောင့်ရှည်(ခေါ်)တစ်လပဲသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး တစ်လခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ အစိမ်းနု၊ အစိမ်းရင့်၊ ကတ္တီပါအနီရောင်မျိုးများကို ဘောင်ခတ်စနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးကြပြီး ပဲညွှန့်များထွက်ပေါ်ချိန်တွင် တိုင်ထောင်ပေးရကြောင်း၊ မြေပြုပြင်ခ၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ၃ သိန်းကျပ်ခန့် ကုန်ကျပြီး ပိဿာချိန် ၃၅၀-၄၀၀ ပိဿာခန့်ထွက်ရှိရာ သီးနှံဖြစ်ထွန်း အောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစား များမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူမှု များရှိသည့်အပြင် အချို့တောင်သူများမှလည်းကျောက်ဆည်မြို့ရှိ ကုန်စိမ်းလက်ကားဆိုင်များသို့ တိုက်ရိုက်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ဈေးနှုန်း ကောင်းမွန်သောကြောင့် ပဲတောင့်ရှည် (ခေါ်) တစ်လပဲ သီးနှံစိုက်ပျိုးတောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း သိရှိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## မြင်းခြံမြို့နယ်၌ ဆေးရွက်ကြီးစိုက်ခင်းများ စတင်ရိတ်သိမ်း





မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများသည်ရေဝတီမြစ်ရေဝင်မြစ်ရိုးတစ်လျှောက် သဲနုန်းမြေအမျိုးအစားဖြစ်သည့် ကိုင်းကျွန်းမြေ များ တွင် ဖူးစားပြောင်း၊ CP ပြောင်း၊ ဧရတ်၊ ပဲမျိုးစုံနှင့် ကုန်စိမ်းသီးနှံမျိုးစုံ စိုက်ပျိုးကြသည့်အပြင် ဆေးရွက်ကြီးကိုလည်း အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ဆေးရွက်ကြီးကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးခဲ့ပြီး ဖေဖော်ဝါရီလ၊ တတိယပတ် မှစတင်၍ ခူးဆွတ်ရိတ်သိမ်းလျက်ရှိရာ မတ်လအထိ ၂ လခန့်အကြာ ခူးဆွတ်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရွက်ကြီး ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၁၈–၂၀ ကျပ်နှုန်းဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် ပျိုးပင်စုစုပေါင်း ၅,၅၀၀–၆,၀၀၀ ပင်ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ပင်ခြားတန်းခြား ၂ ပေထား၍ ရေသွင်းစနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးရပြီး မြေပြုပြင်ခြင်း၊ သွင်းအားစု၊ ပျိုးပင်၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ၂၅ သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ ပျမ်းမျှအထွက်နှုန်းအနေဖြင့် ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိပြီး မြင်းခြံမြို့ရှိ ဆေးလိပ်ခုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် သီးနှံအထွက်နှုန်းကောင်းမွန်သောကြောင့် အကျိုးအမြတ်ရရှိလျက်ရှိကြောင်း ဆေးရွက်ကြီးစိုက် တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## မြင်းခြံမြို့နယ်၌ ပန်းဂေါ်ဖီ (ခေါ်) ပန်းမုန်လာ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ





မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပန်းဂေါ်ဖီကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ပန်းဂေါ်ဖီကိုအောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလ နောက်ဆုံးပတ်မှစတင်၍ ယခုအချိန်အထိ ခူးဆွတ်ရိတ်သိမ်းလျက်ရှိကြောင်း၊စိုက်ပျိုးရာတွင်မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင်တစ်လသားအရွယ်တွင် စိုက်ခင်း၌ အတန်းလိုက်စိုက်ပျိုးရကြောင်း၊ မြေပြုပြင် ခြင်း၊ သွင်းအားစု၊ မျိုးစေ့၊ လုပ်အားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ၂၅ သိန်းခန့်ကုန်ကျပြီး ပျမ်းမျှအပွင့်ရေ ၅,၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် အချို့တောင်သူများမှလည်း မြင်းခြံမြို့ရှိ ကုန်စိမ်းလက်ကား ဆိုင်များသို့ တိုက်ရိုက်တင်ပို့ ရောင်းချလျက် ရှိကြောင်း နှင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ကြက်သွန်နီဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်သွန်နီကို မိုးရာသီနှင့်ဆောင်းရာသီတို့တွင် စိုက်ပျိုးကြသည်။ ဩဂုတ်နှင့် စက်တင်ဘာလများမှာ စတင်စိုက်ပျိုးပြီး ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ထွက်ပေါ်သည့်သီးနှံကို မိုးကြက်သွန်ဟုခေါ်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလတို့တွင်စိုက်ပျိုး၍ မတ်၊ ဧပြီလများတွင်ထွက်ပေါ်သည့် ကြက်သွန်ကို ဆောင်းကြက်သွန်ဟုခေါ်ကြသည်။ ယင်းကြက်သွန် ထွက်ပေါ်သည့်အချိန်ကိုသတ်မှတ်၍ နွေကြက်သွန်နီဟုလည်း ခေါ်ကြသည်။

ကျောက်ဆည်ခရိုင်ရှိ ကျောက်ဆည်၊ မြစ်သား၊ စဥ့်ကိုင် ၊ တံတားဦး နှင့် မြင်းခြံခရိုင် ရှိ မြင်းခြံ ၊ နွားထိုးကြီး ၊ တောင်သာ၊ ကျောက်ပန်းတောင်း မြို့နယ်တို့တွင် ကြက်သွန်နီကို အများဆုံးစိုက်ပျိုးသည်။ လတ်တလောတွင် မိုးကြက်သွန်နီအသစ်များ လှိုင်လှိုင်ဝင်ရောက်နေကြောင်း သိရသည်။

မိုးကြက်သွန်နီသည် အရည်အသွေးအရ တာရှည်အထားမခံ၍ လှောင်လက် ဝယ်ယူမှုမရှိသေးဘဲ ပြည်တွင်းစားသုံးမှု အတွက် သာ အများဆုံးအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဖေဖော်ရီလကုန်တွင်ဖြစ်ပေါ်နေသည့် မိုးကြက်သွန်နီအသစ် တစ်ပိဿာဈေးနှုန်းများမှာ မန္တလေးဈေးကွက်တွင် ၃၅၀၀ ကျပ် မှ ၄၅၀၀ ကျပ်၊ ကျောက်ဆည်ဈေးကွက်တွင် ၂၅၀၀ ကျပ် မှ ၄၀၀၀ ကျပ်၊ မြင်းခြံဈေးကွက်တွင် ၁၂၀၀ ကျပ် မှ ၂၂၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

Source : https://myantrade.gov.mm/

## ဆယ်လ အတွင်း ငါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄၂ သန်း ရရှိ

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် (ပြီးခဲ့သည့်နှစ် ဧပြီလမှစတင်ပြီး) ၁၀ လအတွင်း မြန်မာနိုင်ငံသည် ငါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄၂ သန်း ဝင်ငွေရရှိခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ထုတ်ဂလိုဘယ်လ်နူးလိုက်အော့ဖ်မြန်မာသတင်းစာ က ဖော်ပြခဲ့သည်။

ယင်းကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ချိန် ၁၄၆,၄၀၀ ကျော် အပါအဝင် ငါးတန်ချိန် ၃၂၀,၀၀၀ ကျော်နှင့် နိုင်ငံခြားနယ်စပ်လမ်းကြောင်းမှတစ်ဆင့် တန်ချိန် ၁၇၃,၇၀၀ ကျော် တင်ပို့ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်အပါအဝင် နိုင်ငံပေါင်း ၄၀ သို့ ပင်လယ်စာများကို ပင်လယ်လမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းပို့ဆောင်မှုများမှတစ်ဆင့် ဆက်တိုက်တင်ပို့နေကြောင်း သတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ငါးသလောက်၊ ငါးမြစ်ချင်း၊ ငါးခူ၊ ကကတစ် နှင့် ပင်လယ်စာများ အပါအဝင် ငါးမျိုးစိတ် ၂၀ ကျော်ကို နိုင်ငံခြားဈေးကွက်သို့ ပို့ဆောင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် အအေးခန်း သိုလှောင်ထားသော ပင်လယ်စာ ပြုပြင်ရေး စက်ရုံပေါင်း ၁၄၀ ကျော်ရှိကြောင်း ထပ်မံဖော်ပြထားသည်။

Ref: ရှင်းဟွာ

Source : https://www.popularmyanmar.com/

## အမေရိကန်အစိုးရသည် USAID ၏ နိုင်ငံခြားအထောက်အပံ့ (၉၀)ရာခိုင်နှုန်းအား ဖျက်သိမ်းမည်ဖြစ်

အမေရိကန်အစိုးရသည် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (U.S. Agency for International Development, USAID)၏ နိုင်ငံခြားစာချုပ်များ၏ (၉၀)ရာခိုင်နှုန်းကျော်အား ဖျက်သိမ်းသွားမည်ဖြစ်ကာ ကမ္ဘာအနှံ့ပံ့ပိုးမှုအမေရိကန် ဒေါ်လာ (၆၀)ဘီလီယံလည်း ပါရှိမည် ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ သုံးသပ်မှုများအရ အမေရိကန်နိုင်ငံသည်သာပဓာနမူဝါဒအရ USAID ၏ ဆောင်ရွက်မှု (၉၂)ရာခိုင်နှုန်းအား လျှော့ချသွားမည်ဖြစ်ကာ အမေရိကန်ဒေါ်လာ (၅၄)ဘီလီယံ ပမာဏရှိမည်ဟု Agence France-Presse (AFP) သို့ ပြောကြားခဲ့ကြောင်း၊ အမေရိကန်သမ္မတက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် သမ္မတ အမိန့်လက်မှတ်ရေးထိုး၍ အမေရိကန်နိုင်ငံ၏ ပြည်ပ ထောက်ပံ့မှုများအားလုံးအား ဆိုင်းငံ့ခဲ့ပြီး အစီအစဥ်များကို အမေရိကန် နိုင်ငံသည်သာပဓာန မူဝါဒနှင့် ကိုက်ညီမှုရှိ/မရှိကို သုံးသပ်ရန် ညွှန်ကြားခဲ့ကြောင်း၊ ၂၅-၂-၂၀၂၅ ရက်က အမေရိကန် ခရိုင်တရားသူကြီး Amir Ali က အမေရိကန်အစိုးရအား USAID ၏ ပြည်ပအထောက်အပံ့များ ဆက်လက်ပေးအပ်မှုကို ၂၆-၂-၂၀၂၅ ရက်တွင် အပြီးသတ်ဆောင်ရွက်ရန် အမိန့်ချမှတ်ခဲ့သော်လည်း ယင်းနေ့ညပိုင်းတွင် တရားရုံးချုပ်က အဆိုပါတရားရုံးအမိန့်ကို ခေတ္တဆိုင်းငံ့ခဲ့ကြောင်း၊ အမေရိကန် တာဝန်ရှိသူများသည် ပြည်ပအထောက်အပံ့နှင့်စပ်လျဥ်းသည့် အတိုးနှုန်းသက်သာသည့်ချေးငွေ(Grants) ၉,၂၀၀ ကျော်၊ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၉ ဘီလီယံ ကျော်အားသုံးသပ်ခဲ့ပြီး ယင်းအနက် Grant ၄,၁၀၀ ကျော်အား ရပ်တန့်ရန်အတွက် ရွေးချယ်ခဲ့ကြောင်း၊

ရပ်တန့်ခြင်းမရှိသည့် အစီအစဉ်များတွင် ကျူးဘား၊ ဗင်နီဇွဲလား၊ လက်ဘနွန်နှင့် ဟေတီနိုင်ငံတို့အား ထောက်ပံ့မှု၊ ငှက်ဖျားနှင့် HIV ရောဂါခံစားရသူများအတွက် အသက်ကယ်ဆယ်ရေးဆေးဝါးပံ့ပိုးမှု အစီအစဉ်နှင့် စားနပ် ရိက္ခာ အစီအစဉ်တို့ ပါဝင်မည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း၊ USAID ၏ ဝန်ထမ်းအများစုကိုလည်း ခွင့်ခံစားခွင့်ပြုထားပြီး USAID ၏ကွန်ပျူတာစနစ်များသို့ ဝင်ရောက်ခွင့်နှင့် ရုံးခန်းများ အသုံး ပြုခွင့် တို့ကိုလည်း တားမြစ်ထားကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/

## နယူးယောက်တွင်ကလေးများအား အီး-စီးကရက် ရောင်းချမှုနှင့်ပတ်သက်၍ Vape ဖြန့်ဖြူးသူများအား တရားစွဲဆို



နယူးယောက်တွင် နိုင်ငံ၏ အကြီးဆုံးအီလက်ထရွန်နစ်စီးကရက် ဖြန့်ဖြူးရောင်းချသူအချို့အား ကလေးများအတွက် ဆွဲဆောင်မှုရှိသော Vaping အရသာနှင့် ဒီဇိုင်းများရောင်းချခြင်းအားတားမြစ်သည့် နိုင်ငံတော်ဥပဒေကိုချိုးဖောက်သည်ဟုစွပ်စွဲကာ ကုမ္ပဏီများကို ဖေဖော်ဝါရီ ၁၃ ရက်နေ့က တရားစွဲဆိုခဲ့သည်။

Puff Bar နှင့် Elf Bar ကဲ့သို့သော အသီးအနှံများနှင့် သကြားလုံးအရသာ အီး-စီးကရက်များကို ပြည်နယ်အနှံ့ရှိ ဓာတ်ဆီဆိုင်များနှင့်ကုန်စုံဆိုင်များတွင်ဖြန့်ချိလျက်ရှိသော ကြားဖြန့်ဝေသူများအား ပစ်မှတ်ထားသည့် တရားစွဲဆိုမှုကို ရှေ့နေချုပ် Letitia James က ကြေညာခဲ့သည်။

Juul Labs ကဲ့သို့သော Vaping ထုတ်လုပ်သူများကို ပစ်မှတ်ထားခဲ့သည့် New York နှင့် အခြားသောပြည်နယ်များ၏ ယခင်တရားစွဲဆိုမှုများနှင့်ကွဲပြားကြောင်း The Associated Press မှ မှတ်ချက်ပြုခဲ့သည်။ Juul သည် ဆယ်ကျော်သက် Vaping လမ်းကြောင်းကိုလှုံ့ဆော်ပေးသည့်အတွက် ကျယ်ကျယ်ပြန့်ပြန့်အပြစ်တင်ခံခဲ့ရပြီး၊ ပါတီပွဲများနှင့် ထုတ်ကုန်လက်ဆောင် ပေးခြင်းများ အပါအဝင် ၎င်း၏ အစောပိုင်းဈေးကွက်ရှာဖွေရေး အလေ့အကျင့်များတွင် ဒါဇင်ပေါင်းများစွာသော ပြည်နယ်နှင့်ဒေသဆိုင်ရာ တရားစွဲဆိုမှုများနှင့်စုံစမ်းစစ်ဆေးမှုများကို ဖြေရှင်းရန် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ပေးချေခဲ့သည်။ ကုမ္ပဏီသည် ၂၀၁၉ ခုနှစ်တွင် သရက်သီးနှင့် mint ကဲ့သို့သော အရသာများရောင်းချခြင်းကိုရပ်တန့်ခဲ့ပြီး ဆယ်ကျော်သက်များအကြား ရေပန်းစားခြင်းမရှိတော့ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (28.2.2025)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Feb. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,637 (Shares) | 9,971,550 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 209 | 1,525,700 | 33,109,694 | 241,701 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 615 | 1,814,250 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,950 | 1,950 | 1,850 | 1,059 | 1,964,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 267 | 750,850 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 743 | 1,188,800 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +150 | +3.90% | 3,800 | 4,000 | 3,800 | 462 | 1,807,700 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,250 | 3,250 | 3,200 | 281 | 912,250 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.99 | -0.99 | -0.27% | 362.30 | 362.79 | 360.59 | 3,637 | 9,971,550 | 8 | 682,789 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 28th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 3,639 (Shares) | 9,977,550 (MMK) |

### Main Board

As of 1:00 pm, 28th Feb. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,637 (Shares) | 9,971,550 (MMK) |

| MYANPIX | 361.99 ▼ 0.99 |
|---|---|
| Total Volume (shares) | 3,637 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 682,789 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 150 |
| MAEX | 00008 | 3,200 | ▲ 0 |